

Gar Oo Noon Ko

# ဂါ ဦး နွန်း ကို

(25)Years ,
To Harry Potter
From
U San Shar

(၂၅)နှစ် ၊
ဦးစံရှားမှ ဟယ်ရီပေါ်တာသို့

# သွားမယ် ကြွားမယ်

မင်္ဂလာပါခင်ဗျာ ။ ကျွန်တော်ကတော့ အစီအစဉ် တင်ဆက်သူ ကော်ထက်ကပ်ပါ ။ ယနေ့ သွားမယ်ကြွားမယ်
အစီအစဉ်မှာ ရွေးချယ်ထားတဲ့ စားသောက်ဆိုင်ကတော့ ဗိုလ်ချုပ်ဈေးနဲ့ မျက်စောင်းထိုးမီးပွိုင့်နားမှာ ဖြစ်သလိုလေး ဆိုင်ခင်းကျင်းထားတဲ့ ရွှေဝက်စားတော်ဆက်ပဲ ဖြစ်ပါတယ် ။ ကဲ…ကျွန်တော်တို့ လေ့လာလိုက်ကြရအောင်ဗျာ…။

ဟယ်…အံ့ပ့ါတော်…အံ့ပ့ါ…အဲ…အဲ…အံ့သြငေးမောချင်စရာပါပဲ ခင်ဗျာ ။ အဝင်ဝမှာ ခြယ်သထားတဲ့ အပြင်အဆင် များကိုက ဆွဲဆောင်မှု အားကောင်းနေပါပြီ ။ အုတ်နံရံ ကတ္တရာရောင်ပေါ်မှာ ရွှေဝက်ဆိုတဲ့ စာလုံးကို အနက်ရောင်နဲ့ ထင်းထင်းရှင်းရှင်း ရေးသားထားပါတယ် ။ နောက်ပြီး ဆိုင်ခြံဝန်းထဲကို ဝင်လိုက်တာနဲ့ ဝက်ခြံကြီးကို ဘွားခနဲ တွေ့လိုက်ရတာဟာ တကယ့်ကို romantic ဆန်စေပါတယ် ။ ကဲ…ကျွန်တော်တို့ ဆိုင်ထဲကို ဆက်ကြည့်ကြရအောင်ဗျာ ။

" မင်္ဂလာပါရှင့် ။ ရွှေဝက် စားတော်ဆက်က ကြိုဆိုပါတယ်ရှင့် ။ ဘာများ သုံးဆောင်ပါမလဲရှင့် ။"

" ဟို…ဘာတွေများ ရနိုင်မလဲ "

( ကော်ထက်ကပ်က နိုင်ငံခြားမင်းသားဒီဇိုင်းဖမ်းကာ မေးစိကို ပွတ်

ရင်း ပြောလိုက်ရာ မေးစိတွင် လိမ်းကျံထားသည့် လက်လေးသစ်ခန့်အနက်ရှိသော မိတ်ကပ်များ သည် ကွက်ခနဲ ပျက်သွားလေ၏ ။ ဤကား အထူးအတင်း...)

" ဟဲ့...ဟိုကောင်မတွေ...ဒီမှာ ကိုကော်ထက်ကပ် ရောက်နေပြီ ။ ပြင်တာဆင်တာတွေ ရပ်ပြီး Menu ကပ်လေး လာပေးကြပါဦး ။ တကတည်းမှ ပဲ..."

" ခဏနေပါဦး...ဒေါ်လေးဝက်ရဲ့ ။ သမီးတို့ ပြင်လို့ ဆင်လို့ ပြီးပါတော့မယ် ။"

" ဟဲ့...ဗိုင်းနာမ...မိကျင်...နင် ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ ။ ဓာတ်ရှင်သမားတွေရှေ့မှာ ငါ့ကို တောကနာမည်ကြီး ခေါ်စရာလား "

" အဒေါ် ပြောမှ ကျွန်မတို့ ကိုပါ တောကမှန်း သိကုန်ပါဦးမယ် ။"

( ကိုယ့်အကြောင်း ကိုယ့်ဘာသာ ဖော်လျက် နောက်ဘက်ခန်းများဆီမှ မိန်းကလေးတစ်သိုက် ခပ်သွက်သွက် ပြေးထွက် လာလေသည် )

" အောင်မလေးဂျ..." ( ကော်ထက်ကပ်၏ ငယ်သံပါပါ ညှစ်အော်လိုက်သောအသံ ။)

" ဘာ...ဘာဖြစ်လို့ လဲ...ကိုကော်ထက်ကပ် ။"

" ဘာ...ဘာမှ မဖြစ်ပါဖူး ..."

(မျက်နှာပြင်တွင် ပြာအိုး မှောက်လာသကဲ့သို့ တရုတ်သရဲရုပ် ပေါက်နေကြသောမိန်းမပျိုတစ်သိုက်ကို ကော်ထက်ကပ် မဝံ့မရဲကြည့်ရင်း ကမန်းကတန်း ဖြေလိုက်၏ ။)

" ကဲ...Menu ဒီမှာ ...။ ဒါတွေက ဒီနေ့အတွက် အထူးဟင်းလျာ ။"

" ဝက်...ငွေး...တောက်..."
( ကော်ထက်ကပ် ဆက်မဖတ်ဝံ့တော့ ။ သို့ပေမဲ့ ဟန်ကိုယ်ဖို့ မို့ ခပ်တည်တည်ဆက်ဖတ်လိုက်သည် ။ အမှန်တော့ menu cardတွင် စာလုံးပေါင်းမှားနေခြင်း ဖြစ်၏ ။)

" ဝက်ငွေး(ခွေး)တောက်ရှက်ကြော်...။ ဝက်ဘီးစိပ် ။ ( ဘီးစကိတ်လည်း မဟုတ်ဘူး ) ဝက်ခါးတူးကြော် ။ ဝက်အခေါက်ကင် ။ ဝက်တုံးလုံးကင် ။ ဝက်ဒညင်းသီးနှပ် ။ ဝက်ဒူးရင်းသီးပေါင်း ။ ဝက်အူချောင်းသုတ် .... အင်း ! ဝက်ဒူးရင်းပေါင်းရယ် ၊ ဝက်တုံးလုံးကင်ရယ် ၊ နောက် ... အသီးရွက်ကြော်အနေနဲ့ ဝက်ငွေးတောက်ရွက်ကြော် ၊ ဟင်းချိုက ဝက်သားစွတ်ပြုတ်ဟင်းချို ။ အချိုပွဲက မြန်မာမုန့်ပဲ မှာ တော့မယ် ။ ဆန္ဒင်းမကင်း ၊ ထိုးမုန့် ၊ လမုန့် ၊ ဟာလဝါ ။ ဒီလောက်ပါပဲ ။"

( မိန်းမပျိုလေးများ သည် သူထက်ငါ အလျင်အမြန် တိုးဝှေ့ပြိုးပြကာ နောက်ဖေး မီးဖိုချောင်ထဲသို့ အသီးသီး
ဝင်သွားကြသည် ။)

ဆိုင်တွင်း အပြင်အဆင်ကတော့ တကယ့်ကို ဆန်းကြယ်ပါပေတယ် ။ ဘယ်စားသောက်ဆိုင်ကြီးမှာ မှ မမြင်တွေ့နိုင်တဲ့ ထနိမိုး ၊ ထရံကာ ဒီဇိုင်းကို ဤဆိုင်မှာ တွေ့မြင်နိုင်ပါတယ် ။

" အန်တီက ဒီဆိုင်ရှင် ထင်တယ် ။"

" အို ! ဘယ့်နှယ့် အန်တီလဲ ? မမလို့ ခေါ်တာ မဟုတ်ဘူး ။ ဟုတ်တယ်...မမက ဒီဆိုင် ပိုင်ရှင်ပါ ။"

" သြော်...ဟုတ်ကဲ့ ။ မမက ဒီဆိုင်ကို ဘယ်နှခုနှစ်က စဖွင့်ဖြစ်ခဲ့တာလဲ ?"

" အင်း...ဆယ်နှစ်ခွဲလောက်တော့ ရှိပြီ ။ ဒါပေမဲ့ ခုထိ အရင်း မကျေသေးဘူး ။ ဒါကြောင့် ခုလို TV ကနေတစ်နိုင်ငံလုံးကို ကြေညာရတာပေါ့ ။"

" ရွှေဝက်ဆိုတဲ့ ဆိုင်နာမည်နဲ့ ပတ်သက်ပြီး အမှတ်တရ ရှိရင် ပြောပြပါဦး ။"

"အမှတ်တရတော့ သိပ်မရှိပါဘူး ။ ဒီလို လမ်းလေးခွဆုံရာမှာ ဆိုင်ဖွင့်မယ်လို့ တွေးမိတုန်းက နာမည်ကလူအများ နှစ်သက်တဲ့ နာမည် ဖြစ်ရမယ် ။ ဆွဲဆောင်မှုလည်း ရှိရမယ် ဆိုတဲ့ စိတ်ကူးနဲ့ ရွှေဝက်လို့ ပေးဖြစ်သွားတာပါ ။ အဲဒီတုန်းက မမကလည်း ငယ်ငယ်ချောချောဆိုတော့ မမရဲ့ ရွာမှာ နာမည်ကြီးပေါ့ ။ နောက်ပြီး မမမိဘတွေ ထားခဲ့တဲ့ အမွေတွေကလည်း တပုံတပင်ကြီးလေ ။ ဒါပေမဲ့ မမက မာနမင်းသမီးလေးဆိုတော့ ရွာက ဘယ်ကာလနာ အဲ...ဘယ်ကာလသားကိုမှ စိတ်မဝင်စားခဲ့ဘူး ။ ဒ့ါကြောင့် ခုထိ အပျိုကြီး ဖြစ်နေတာ ။ ဒါပေမဲ့ ခုလို ဆိုင်ကြီးတစ်ဆိုင်ကို မိန်းမသားတန်မဲ့ ဦးဆောင်နေရတဲ့ အတွက် မမကိုယ်မမ သိပ်ဂုဏ်ယူတယ် ။
မမဟာ အင်မတန် အရည်အချင်းရှိတဲ့ မိန်းကလေးပဲလို့ ကိုယ့်ကိုယ်ကို သုံးသပ်မိတယ် ။"

" ဪ...ဟုတ်ကဲ့ ။"

( မဆိုင်သည့် စကားတွေ ထည့်ပြောနေသောဒေါ်ဝက်ကို သတင်းတင်ဆက်သူ-ကော်ထက်ကပ်က ကြော်ငြာခမရသော productor ဒီဇိုင်းနှင့် မိုက်ကန်းကန်း ကြည့်လိုက်ပြီး ... )

" ခုလို ပြောကြွား အဲ ဖြေကြားပေးတဲ့ အတွက် မမကို ကျွန်တော်ကတကယ်ပဲ ကျေးဇူးအများကြီးတင်ပါတယ် ။"

"အို ! မမက ကျေးဇူးတင်ရမှာ ပဲ။ ခုလို ရောင်းမကောင်းတဲ့ မမဆိုင်ကို တကူးတက လာစားပေးတဲ့ အတွက်မောင်လေးကို မမက ကျေးဇူးအထူးတင်ပါသတဲ့ ရှင့် ။"

( မျက်လုံး ကလယ်ကလယ်လုပ်ကာ စပ်စလူးခါပြနေသော ဒေါ်ဝက်၏ မျက်ခွက်ကြီးကို ကြည့်ရင်း ကော်ထက်ကပ် ပျို့အန်လာမည်စိုး၍ နောက်တစ်ကတ် ပြောင်းလိုက်ရသည် ။)

ကဲ…ပရိသတ်ကြီး ခင်ဗျာ…ဒီနေ့တော့ ကျွန်တော် မှာ ထားတာတွေ ရောက်မလာသေးခင် ဆိုင်အတွင်းက စားသုံးသူတို့ ဆီက သတင်းစကားတွေကို အရင်နားထောင်ကြည့်ကြရအောင်ဗျာ ။ ဟော … ဟိုနားက ဘီယာခွက် တကိုင်ကိုင်နဲ့ အစ်ကိုတစ်စုဆီက သတင်းစကားအချို့ မေးစမ်းကြည့်မယ်ဗျာ ။ ပရိသတ်ကြီး…နားဆင်ကြည့်ပါဦး ။

" အစ်ကိုတို့ မင်္ဂလာပါ ။"

" ဟာ…ဟိတ်ကောင် …မင်္ဂလာပါ မလုပ်နဲ့ ။ ငါတို့ မှာ ထားတဲ့ မြန်မာတစ်ဂျား မြန်မြန်ချကွာ ။ ဒီမှာ ပြတ်လို့ မဖြစ်ဘူး ။ ငါ မရစ်ချင်ဘူးနော် ။"

" ဟိုက် ! ဟို…ကျွန်…ကျွန်တော်က ကော်ထက်ကပ်လေ ။"

" ဘာ ကော်ထက်ကပ်လဲ ? မင်းဘာသာ ကော်ထက်ပဲ ကပ်ကပ် စူပါဂလူးထက်ပဲ ကပ်ကပ် ငါ သောက်ဂရုမစိုက်ဘူး ။ ညေး…ရှင်းတယ်နော် ။ ဒီမှာ မူးနေတာဂွ ။"

(အမူးသမားများ ၏ ရိုင်းပြပြစကားတို့ ကြောင့် ကော်ထက်ကပ်၏ မျက်နှာသည် မီးဖုတ်ထားသော ပေါင်မုန့်ကြီးအလား
နီရဲသွားပြီ ။ ဒေါသကြောင့် သူ့နှာခေါင်းကြီးသည် ရထားစက်ခေါင်းကြီး

ကဲ့သို့ တရှုးရှုးတရှဲရှဲ ဖြစ်နေသည် )

" ဒီမှာ ခင်ဗျားတို့ လွန် လာပြီနော် ။ ကျွန်တော်က အစီအစဉ်တင်ဆက်သူ ကော်ထက်ကပ်ဗျာ့ ။ ခု သွားမယ် ... ကြွားမယ်အစီအစဉ်အတွက် ခင်ဗျားတို့ ကို မေးမြန်းချင်လို့ လာခဲ့တာ ။ ခင်ဗျားတို့ အပြုအမူတွေကို ရုပ်မြင်သံကြား ကြည့် ပရိသတ်တွေသာ သိသွားရင် ခင်ဗျားတို့ ဘာဖြစ်သွားမယ် ထင်လဲ ?"

( ကော်ထက်ကပ်က ခပ်ငေါက်ငေါက် ဟောက်လိုက်ရာ အမူးသမားတစ်သိုက်ခဗျာ ငြိမ်ကျသွားကာ...)

" ဟာ...မ...မလုပ်ပါနဲ့ ကိုကော်ထက်ကပ်ရယ် ။ အစ်ကို့ကို ကျွန်တော့် မိန်းမက အရမ်းသဘောကျတာ ။ နောက်ပြီး အစ်ကိုပါတဲ့ ဒီအစီအစဉ်ကို သဘောကျလွန်းလို့ အစ်ကို ကြော်ငြာသမျှ ဆိုင်ပေါက်စေ့ကို လိုက်ဝယ်စားရင်း ခုဆို ပေါင်နှစ်ရာအချစ်ဇာတ်လမ်းတောင် ရိုက်လို့ ရအောင်ဝနေပြီ ။ ဒ့ါကြောင့် ကျွန်တော့် မိန်းမနဲ့ ကျွန်တော့်ကို ကွဲအောင်တော့ ဒီအကြောင်းတွေကို မလွှင့်လိုက်ပါနဲ့ ။ ကျွန်တော့်မိန်းမက ကျွန်တော်နဲ့ ကွဲပြီး ကိုကော်ထက်ကပ်ဆီ သွားမယ် တကဲကဲ လုပ်နေတာ ။ သူနဲ့ အစ်ကိုနဲ့ က ရှေ့သွား
နောက်လိုက် ညီတယ်တဲ့ လေ ။"

(ကော်ထက်ကပ် တွန့်ခနဲ ဖြစ်သွားသည် ။ ဘုရား...ဘုရား...ငါဟာ နေတိုး နီးပါး နာမည်ကြီးနေပါတကား...ဟူသော ဘဝင်လုံးက ရင်ကို ဆောင့်လိုက်၍ တွန့်သွားခြင်းမျိုး မဟုတ် ။ ထိုဖက်တီးမကြီးနှင့် သူ မည်သို့ ရှေ့သွားနောက်လိုက် ညီနေသနည်းဟု ဝမ်းနည်းပက်လက် တွေးလိုက်မိသောကြောင့် ပင်တည်း ။)

" ကဲ...ကဲ...ဒါဆိုလည်း ခုနကဟာတွေ ဆင်ဆာဖြတ် ။ ခု ဆက်ရိုက်

မယ် ။"

ကဲ…ပရိသတ်ကြီး ခင်ဗျာ ။ ခု ကျွန်တော် စားသုံးနေသူ အချို့ရဲ့ ရင်တွင်းစကားနဲ့ အကြံပေးချက်များကို
မေးစမ်းကြည့်မှာ ဖြစ်ပါတယ် ။

" မင်္ဂလာပါ အစ်ကိုတို့ ။"

" ဟာ…ကိုကော်ထက်ကပ်ကြီးပါလား…လာဗျာ…။ ထိုင်…ရော့…မြို ။ ဒါက ဝက်တုံးလုံးကင်…ဒါကဝက်ဆီဖူးကင်…။ ဟောဒါက ဝက်ဝတ်လစ်စလစ်ကင်…။ ဝက်(ဖေ့း)တောက်တောက်စင်းပြုတ် ။ ဟောဒီဟာက ဝက်အချင်းသုပ် ။ ဒီဟာက ဝက်ချေးခါးချက် ။ ဒါက ဝက်နားဖာချေးစင်းကော ။"

" ဝေါ့…!"

( အမူးသမားတစ်သိုက်၏ ပီပြင်လွန်းသည့် အမူအရာတွေကို ယှဉ်ပြိုင်ခြင်းငှာ မစွမ်းသာ၍ ကော်ထက်ကပ် ပြေးထွက် လာခဲ့ရသည် ။)

" ဟော ! မှာ ထားတဲ့ ဟင်းလျာတွေ ရပါပြီ ။ ကဲ…ပထမဆုံး ဝက်ဒူးရင်းသီးပေါင်းကို မြည်းစမ်းကြည့်ပါမယ် ။ ပရိသတ်ကြီး မြင်တွေ့တဲ့ အတိုင်းပါပဲ ။ အမြင်လေးကိုက စားချင်စဖွယ် အရောင်အသွေး စုံလင်နေပါတယ် ။ အင်း !
ကျွန်တော် ထင်တယ် ။ ဒါ ဒူးရင်းသီးကို အသားနွှာပြီး သုံးထပ်သားနဲ့ ပေါင်းထားတာ ဖြစ်မယ် ။ ကဲ…ပို သေချာသွား
အောင် ကျွန်တော် စားကြည့်လိုက်တော့မယ် ။"

(ကော်ထက်ကပ်က ပန်းကန်အတွင်းမှ သုံးထပ်သားလွှာကို သံတူဖြင့် ဟန်ပါပါ ခပ်ကာ ပါးစပ်ထဲသို့ ခပ်လုလု ထည့် လိုက်သည် ။)

" အိုး……!"

( ဘာစကားမှ မဆိုနိုင်သေးဘဲ မျက်လုံးကို အစွမ်းကုန်ပြူးကာ နားရွက်နှစ်ဖက်ကို လက်နှစ်ဖက်နှင့် ပိတ်ရင်း နတ်ပူး သလို ခါနေသည် ။ ခဏကြာမှ ရေခဲရေကို မတ်ခွက်လိုက် မော့ချလိုက်ပြီး…)

" တကယ် ကောင်းတဲ့ ဟင်းတစ်ခွက်ပါပဲ ။ စားစားချင်း ပထမဆုံး ခံစားရတာတော့ ခါးတူးတူး အဲ အဲ ချိုအီအီ သုံးထပ်သားလွှာလေး လျှာပေါ်မှာ ပျော်ဝင်သွားပါတယ် ။ အီစိမ့်စိမ့် ချိုမွှေးမွှေး အရသာလေးကိုမှ အချိုပြင်းပြင်းလေးက နောက်က အုပ်လိုက်တဲ့ အခါမှာ တော့ အရမ်းကို စားလို့ ကောင်းတဲ့ ဟင်းတစ်ခွက် ဖြစ်သွားစေပါတယ် ။"

( ထိုစကားများကို ကော်ထက်ကပ် အတတ်နိုင်ဆုံး ကြိုးစားပြီးကာ ပြောလျက် ရှိ၏ ။)

" ကဲ…နောက်တစ်ခွက်အနေနဲ့ ဝက်တုံးလုံးကင်ကို စားကြည့်ရအောင် ။ တကယ်ကို နာမည်လေးနဲ့ လိုက်ဖက်ပါပေတယ်ဗျာ ။ ဝက်ပျိုမလေးကို ဘာမှ ဝတ်ဆင်ပေးခြင်း မရှိဘဲ အကောင်လိုက် ကင်ထားတာ ဖြစ်ပါတယ် ။

( ဘယ်ဝက်ကိုများ အင်္ကျီဝတ်ပြီး ကင်လို့ လဲလို့ ။) ကဲ…ကျွန်တော် စားကြည့်တော့မယ်နော် ။ (ကော်ထက်ကက ခမျာ ခဲမှန်ဖူးသော စာသူငယ်လို ကတုန်ကယင်နှင့် တုန့်ဆုတ်တုန့်ဆုတ် ဖြစ်နေရှာသည် ။)

"အိုမိုး…အရမ်းကို စားကောင်းပါတယ် ။ ကဲ…မြန်မြန်ပြီးချင်လှပါပြီ အဲ…အဲ နောက်တစ်ခွက် မြန်မြန် မြည်းချင်လှပါပြီ ။ ဟောဒါကတော့ ဝက်ငွေးတောက်ရွက်ကြော် ဖြစ်ပါတယ် ။ ဝက်သားကို နုတ်နုတ်စင်းပြီး ငွေး(ခွေး)တောက်ရွက် ပါးပါးလှီးနဲ့ သမအောင်ကြော်ထားတဲ့ ပဲငံပြာရည်အုပ် ဟင်းတစ်ခွက် ဖြစ်ပုံ ရပါတယ် ။ ကဲ…ကျွန်တော် အရသာခံကြ

ည့်လိုက်ပါဦးမယ် ။

( တစ်ခါသေဖူး ပျဉ်ဖိုး နားလည်သောမသာလို တွန့်ဆုတ်တွန့်ဆုတ်ဖြင့်...ဤကား အင်တာနေရှင်နယ် ဘူး အဲ နယူး )

" အား...!"

(အသံနက်ကြီးဖြင့် အော်လိုက်၍ မမဝက်က ထောင့်တစ်ကွက်ကနေ ဝက်ခုတ်ဓါးမ ထောင်ပြလိုက်သဖြင့် အလျင် အမြန် ဘရိတ်ဖမ်းလိုက်ရင်း )

" ပါးပါး...အားပါးပါး...ကောင်းလိုက်တဲ့ လက်ရာဗျာ ။ ပရိသတ်ကြီး တစ်ခါတစ်ခေါက် လာရောက်မြည်းစမ်းသင့်ပါတယ် ။ လျှာပေါ် ရောက်ရောက်ချင်း ခါးသက်သက် စိမ့်တိမ့်တိမ့် အရသာကို အရင်ဆုံး ခံစားရပါလိမ့်မယ် ။ အဲဒီနောက်မှာ မှ ဝက်သားရဲ့ နူးနပ်မွှေးချိုတဲ့ အရသာ ... ဒီအရသာနှစ်မျိုး ပေါင်းစပ်ကာ ပရိသတ်ကြီးကို ထမင်းမြိန်စေမှာ ပါ ။ နောက်ဆုံးမှာ တော့ ပဲငံပြာရည်ရဲ့ ခပ်လေးလေး အရသာက လျှာပေါ်ကို စွဲသွားစေပါတယ် ။ အင်း...တကယ် ကောင်းတယ်ဗျာ့ ။"

" ကဲ...နောက်တစ်မျိုး ။ ဟူး ... "

( ကော်ထက်ကပ် ထွက်ပြေးတော့မလိုအမူအရာဖြင့် ဖင်တကြွကြွ ဖြစ်နေ၍ အခြေအနေကို ဝင်ထိန်းနိုင်ရန် ရိုက်ကွင်း ထဲသို့ မမဝက် ဝင်လာလေသည် ။)

"မောင်လေး တစ်ယောက်တည်း စားရတာ ပင်ပန်းရောပေါ့ ။ ဒီတစ်ခါ မမ ကူညီမယ် ။"

( ကော်ထက်ကပ် ပြုံးသွားပြီ ။ ငါးရှဉ့်ပြုံး ၊ ငါးမွေထိုးပြုံးမျိုးတော့ မ

ဟုတ်…ရိုးရိုး လူအပြုံး ၊ ဝမ်းသာပြုံးသာ ။ မမဝက် သူ့လက်ရာ သူစားပြီး ခံစားရတော့မည်ကို သိ၍ ဝမ်းသာသွားသော အပြုံး ။)

" ဟ…။"

" ဗျာ !"

" ရော်…သူကလည်း ဟ ဆိုမှ တော့ ပါးစပ် ဟခိုင်းတာပေါ့ ။ သူ့မှာ ဘာဟစရာ ရှိလို့ လဲ ?"

" ဘာ…ဘာလုပ်မလို့ တုံး ။"

" ခွံ့ကျွေးမလို့ ပေါ့ ။ ဟဆို…မဟရင် ဇွတ်ခွံ့မှာ နော် ။"

" ဟာ…မလုပ်ပါနဲ့ ။ နေ…နေပါစေ ။ ကိုယ့်ဘာသာကိုယ် စားပါ ။"

( ကော်ထက်ကပ် တားသော်လည်း မရ ။ အတင်းအဓမ္မ ကြံစည်ဖို့ မမဝက်က အနားသို့ တိုးကပ်လာသည် ။)

" အား…………….!"

" ဗွီပွမ် … ဗွီပွမ် …"

ဇာတ်လမ်းအဆုံးတွင် ကော်ထက်ကပ် လျှာကျက် ၊ သွေးတိုးကာ ဆေးရုံသို့ ရောက်သွားသည် ။ သည် အစီအစဉ်ကိုကုမ္ပဏီကလည်း အလကား မထားနိုင်၍ ထုတ်လွှင့်လိုက်ရာ ဒေါ်ဝက်လည်း အရင်းပြုတ်၍ ရှာပြန်ရ၏ ။ ဤတွင် သွားမယ်…ကြွားမယ် အစီအစဉ် နိဂုံးတန်ပါပြီ ။

**စေတနာရှေ့ထားလျက်…**

**မိနွန်းကို(ကွန်ပျူတာတက္ကသိုလ်)**

ဤဟာသဝတ္ထုတိုကို ၂၀၁၁ နိုဝင်ဘာလထုတ် သောကြာမဂ္ဂဇင်းတွင် မိ

နွန်းကို(ကွန်ပျူတာတက္ကသိုလ်) ကလောင်ခွဲဖြင့် ရေးသားခဲ့သည် ။ ပင်ကိုယ်ရေးဝတ္ထုဖြစ်ပြီး ခေတ်ကာလအရ အမြင်မတော်မှုတချို့ကို သရော်လိုသော၊ တည့်မတ်ပေးချင်သောဆန္ဒဖြင့် ရေးသားခဲ့ခြင်း ဖြစ်၏ ။